[illegible]
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဇူလိုင်လ ၅ ရက်၊ ၂၀၂၃ ခုနှစ်**

**ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်**


**ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း**

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇွန်လ ၁၈ ရက်၊ ၂၀၂၃ | ဇွန်လ ၁၉ ရက်မှ ဇူလိုင်လ ၂ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၈၆ | ၁၄ | ၄၀၀ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၂၈ | ၆ | ၄၃၄ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၆ | | ၁၆၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၁ | | ၆၀၁ |
| | ဖယ်ခုံမြို့နယ် | ၃၄၉ | | ၃၄၉ |
| | ဖရူဆိုမြို့နယ် | ၆၇ | ၁၀ | ၇၇ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| | ဖားဆောင်းမြို့နယ် | | ၁၂ | ၁၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |

| | | | | |
|---|---|---|---|---|
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဖွန်လ ၄ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဖွန်လ ၁၉ ရက် – ဇူလိုင်လ ၂ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | **၂၀၀၀၀** | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | ၅၀၀ | ၄၇၄၁ |
| | **စုစုပေါင်း** | **၂၀၈၁၁၅** | | **၂၂၈၁၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လ(၁၉)ရက်မှ ဇွန်လိုင်လ(၂)ရက်၊ ၂၀၂၃ခုနှစ်



**ကရင်နီပြည်နယ်တောင်ဘက်ခြမ်းအား ခုခံတော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားနိုင်ပြီး စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းကြောင့် အရပ်သား ၁၄ ဦးသေဆုံး၍ ၆ ဦး ထိခိုက်ဒဏ်ရာရရှိ**

လွန်ခဲ့သောနှစ်ပတ်အတွင်း ကရင်နီပြည်နယ်၏ အဓိကကျသော စစ်မြေပြင်သည် ကရင်နီပြည်နယ် တောင်ဘက်မြို့နယ်များသို့ ဖြစ်လာခဲ့သည်။ မယ်စဲ့မြို့နယ်အတွင်း နယ်မြေထိန်းချုပ်ထားနိုင်သော ကရင်နီပူးပေါင်းတပ်ဖွဲ့များ – နယ်ခြားစောင့်တပ်အဖြစ်မှ ကရင်နီတော်လှန်ရေး အင်အားစုများနှင့်အတူ ပူးပေါင်းလာခဲ့သော ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦး (ကလလတ) အပါအဝင် ၎င်းပူးပေါင်းတပ်တို့၏ နယ်မြေထိန်းချုပ်မှုကို ပြန်လည်ရရှိနိုင်ရအတွက် စစ်ကောင်စီတပ်များမှ လေကြောင်းပစ်ကူများဖြင့် ကာကွယ်တိုက်ခိုက်ခဲ့သော်လည်း နယ်မြေစိုးမိုးနိုင်ခဲ့ခြင်း မရှိပေ။ စစ်ရေးရှုံးနိမ့်လာနေသော စစ်ကောင်စီတပ်များသည် အရပ်သားများအား ပစ်မှတ်ထားကာ လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်ခြင်းများ၊ နက်လက်ကြီးများဖြင့် ပစ်ခတ်ခြင်းများအပြင် လက်နက်ငယ်များဖြင့်လည်း ပစ်ခတ် သတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ဖားဆောင်းမြို့နယ်မှ လူဦးရေ ၂၀၀၀၀ ကျော်တို့ မိမိနေအိမ်ကိုစွန့်ခွါပြီး ထွက်ပြေးကြရသည့်အပြင် ရွာသစ်မြို့မှ လူဦးရေ ၅၀၀ တို့သည်လည်း တောထဲသို့ ထွက်ပြေးတိမ်းရှောင် ခဲ့ကြရသည်။

ဇွန်လ ၂၁ ရက်။ ဖားဆောင်းမြို့အနီး သံလွင်တံတားတွင် စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ ဖြစ်သည့် ဖားဆောင်း PDF, Balakeh PDF, Loikaw PDF, KA တို့သည် နံနက်အချိန်မှစပြီး ညနေအထိ တိုက်ပွဲများပြင်းထန်ခဲ့သည်။ တိုက်ပွဲအတွင်းစစ်ကောင်စီတပ်များမှ ၁၀ ဦးထက်မနည်း သေဆုံးပြီး ကရင်နီ ပူးပေါင်းတပ်ဖွဲ့များမှ ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုတိုက်ပွဲ စစ်ကောင်စီတပ်များ၏ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှုများကြောင့် ဖားဆောင်းမြို့ပေါ် တောင်ပိုင်းရပ်ကွက်ရှိ ဘုန်းကြီးကျောင်းတွင် ခိုလှုံသူ အမျိုးသားတစ်ဦးနှင့် ကျောင်းထိုင် ဆရာတော်တစ်ပါး ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ထိုတစ်ရက်တည်း အတွင်း ည ၁၂ နာရီဝန်းကျင်အချိန် စစ်ကောင်စီတပ်များမှ ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်း ကျေးရွာတစ်ရွာ လူခူးပရား ကျေးရွာအား တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်ဖြင့် သုံးကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ကာ ကျောင်းဆောင် အပါအဝင် နေအိမ် ၆ လုံးထိမှန်ပျက်စီးသွားခဲ့သည်ပြင် အရပ်သားတစ်ဦး ဒဏ်ရာအနည်းငယ် ရရှိသွားခဲ့သည်။

ဇွန်လ ၂၃ ရက်၊ နံနက် ၄ နာရီအချိန်တွင် ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်း ကျောင်းရွာတစ်ရွာ ဖြစ်သော ဒိုရော့ကျေးရွာကို စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် ၅၂ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး သေဆုံးပြီး အသက် ၅ နှစ်အောက် ကလေးငယ် နှစ်ဦးနှင့် ၎င်းတို့၏ မိခင် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ထိုဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘုရားကျောင်းတစ်လုံးနှင့် နေအိမ် ၄ လုံး ထိမှန်ပျက်စီး သွားခဲ့သည်။ ထိုတရက်တည်းတွင် မယ်စဲ့မြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်စခန်းတစ်ခုအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ညနေ ၅ နာရီခွဲအချိန်တွင် ထပ်မံသိမ်းပိုက်လိုက်နိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် စစ်ကောင်စီတပ်များမှ လေယာဉ် ၄ စီးဖြင့် လာရောက်ကာ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။


နန်းကစ်ကျေးရွာအား စကစမှ ဗုံးကြဲတိုက်ခိုက်၊ ဖားဆောင်းမြို့နယ်


ရွာသစ်မြို့မှ ထွက်ပြေးတိမ်းရှောင်နေကြသော ပြည်သူများ

ဇွန်လ ၂၄ ရက်၊ မယ်စဲ့မြို့နယ်အတွင်းတွင်ရှိပြီး ထိုင်း-မြန်မာနယ်စပ် အမှတ် ၁၃ နှင့် နီးသည့် စစ်ကောင်စီ ရှေ့တန်း နမ့်ပေါင်တပ်စခန်းမှ စစ်သား ၁၈ ဦး လက်နက်အပြည့်အစုံဖြင့် လက်နက်ချအညံ့လာခဲ့သည်။ ထိုတရက်တည်းတွင် နားကစ်ကျေးရွာတွင် သေဆုံးနေသော ရုပ်အလောင်းတစ်လောင်းတွေ့ရှိကြောင်း Free Burma Rangers မှ အတည်ပြုသည်။

ဇွန်လ ၂၅ ရက်၊ နေ့လည်အချိန်တွင် ဖားဆောင်းမြို့နယ်၊ နားကစ်ကျေးရွာအား စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် (၈)ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ရွာခံအမျိုးသား ၄ ဦး ထိမှန်သေဆုံးသွားခဲ့ပြီး ဘုရားကျောင်းနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သွားခဲ့သည်။ ထိုတရက်တည်းအတွင်း စစ်ကောင်စီတပ်များမှ ဘောလခဲမြို့နယ် ရွာသစ်မြို့အနီး လေယာဉ်ဖြင့် ညနေ ၆ နာအချိန်တွင် ဗုံးဖလုံးဖြင့် တိုက်ခိုက်ခဲ့သည်။

ဇွန်လ ၂၇ ရက်၊ ဘောလခဲ့မြို့နယ် ရွာသစ်မြို့တွင် အင်အားစွာဖြင့် စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်နှင့် ကရင်နီပူးပေါင်းတို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး တိုက်ပွဲအတွင်း ကရင်ပူးပေါင်းတပ်ဖွဲ့များမှ ရဲဘော် ၅ ဦး ကျဆုံးခဲ့သည်။ တိုက်ပွဲကြောင့် ရွာသစ်မှ ဒေသခံ ၅၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ထို့အပြင် ရွာသစ်မှ အရပ်သား ၄ ဦးအား စစ်ကောင်စီမှ ပစ်သတ်သွားခဲ့သည်။

ဇွန်လ ၂၈ ရက်၊ ဖားဆောင်းမြို့နယ်၊ ဝမ်အောင်းကျေးရွာအား စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် အသက် ၅၆ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး ထိမှန်သေဆုံးသွားခဲ့သည့်အပြင် နေအိမ် ၈ လုံးထိမှန်ပျက်စီးသွားကာ နေအိမ်တစ်လုံး မီးလောင်ပျက်စီး သွားခဲ့သည်။ ထိုတရက်တည်းတွင် စစ်ကောင်စီတပ်များမှ ဖားဆောင်းမြို့နယ်၊ မော်ချီးသတ္တုတွင်းအနီး ၁၀ မိုင်ကုန်းကျေးရွာအား မွန်းတည့်ချိန်မှာ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ဇွန်လ ၂၉ ရက်၊ နံနက် ၈ နာရီမှ ၁၂ နာရီအချိန်အထိ ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအပြီး စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကရင်နီတပ်မတော်မှ ရဲဘော်တစ်ဦး ကျဆုံးသွားခဲ့သည်။ ထိုတရက်တည်းတွင် ဘောလခဲမြို့နယ် ရွာသစ်မြို့တွင် တောင်ယာမှပြန်လာသည့် အရပ်သား နှစ်ဦးကို စစ်ကောင်တပ်များမှ ပစ်သတ်သွားခဲ့သည်။

ဇွန်လ ၃၀ ရက်၊ ကရင်နီပြည် ဘောလခဲမြို့နယ်၊ ရွာသစ်မြို့ အတွင်းမှာ စစ်ကောင်စီတပ်၏ တိုက်လေယာဉ် တစ်စီး ပစ်ချနိုင်ခဲ့ကြောင်း လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး – ကလလတ မှ တာဝန်ရှိသူတစ်ဦး က အတည်ပြုသည်။ ထိုတရက်တည်းတွင် မိုးဗြဲမြို့စည်ကား ၁ ရက်ကွက်အတွင်း စစ်ဘေးရှောင်စခန်းမှ ရိက္ခာများ ပြန်လာယူသည့် သက်ကြီးလင်မယားနှစ်ဦးသည် စစ်ကောင်စီစစ်သားများ၏ ပစတ်ခတ်မှုကြောင့် အသက် ၆၃ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးသွားခဲ့သည်။

တိုက်ပွဲ ပြင်းထန်နေမှုများ၊ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုများ၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု များကြောင့် ဖားဆောင်းမြို့နေ ပြည်သူ ၂၀၀၀၀ ကျော်တို့သည် ဇွန်လ ၁၅ ရက်နေ့ကနေ့စပြီး လွိုင်ကော်၊ ဖယ်ခုံ၊ မော်ချီး၊ အင်းလေး၊ တောင်ကြီး၊ ထိုင်းနိုင်ငံနယ်စပ်တွေဆီ စစ်ဘေးရှောင်နေကြရသည်။ ရွာသစ်မြို့မှ ပြည်သူ ၅၀၀ ဦးသည်လည်း ဇွန်စတုတ္ထပတ်တွင် တောထဲသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြသည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com